# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနမှ ဝယ်ယူပေးရန် မှာကြားလာသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)အား ခါတ်အား ဖြန့်ဖြူးလျက်ရှိသော (6.6/0.4) KV , 315KVA Transformerနှင့် တွဲဖက်အသုံးပြုသော 6.6KV(or) 12KV Indoor Type Switch Gear VCB Pannel Complete Set(1)Setကို ဝယ်ယူရေးကိစ္စအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အဆိုပြု ဈေးနှုန်းတွင် With Holding Tax 2% & Commercial Tax 5% အပါအဝင်ဖြစ်ရန် နှင့် စာချုပ် တံဆိပ်ခေါင်းခွန်အတွက် ကုမ္ပဏီမှ ကျခံဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ အထက် ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ပေးပို့ရမည် ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် အခွန်ဦးစီးဌာနမှ သက်ဆိုင်ရာ စည်းကြပ်နှစ်အလိုက် ထုတ်ပေးသည့် အခွန်ကင်းရှင်း ကြောင်း ထောက်ခံချက် (မိတ္တူ)၊ တင်ဒါစပေါ်ငွေ ပေးသွင်းပြေစာ (မိတ္တူ)၊ ကုမ္ပဏီ/အရောင်းဆိုင် ၏ သက်တမ်းရှိလိုင်စင်(မိတ္တူ)နှင့် အဆိုပြုဈေးနှုန်းတင်သွင်းမည့်ပစ္စည်း၏အမျိုးအစားတို့ကိုပြည့်စုံစွာ ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ အထက်ပါ အချက်အလက်များ ပြည့်စုံစွာ ပူးတွဲတင်ပြ ထားခြင်း မရှိပါက ဆိုဈေးအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းရာတွင်ငွေကျပ် ၅၀၀,၀၀၀/-(ကျပ် ငါးသိန်း တိတိ)ကို တင်ဒါစပေါ်ငွေ အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊စာရင်းဌာနတွင်**၁၅-၈-၂၀၂၃ရက်နေ့(၁၅:၀၀)နာရီ နောက်ဆုံး** ပေးသွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန် ပုံစံ နှင့် တင်ဒါ စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၂,၀၀၀/- နှုန်း ဖြင့် (၉-၈-၂၀၂၃)ရက်နေ့မှစ၍(၁၅-၈-၂၀၂၃)ရက်နေ့(ရုံးဖွင့်ရက်၊ရုံးချိန်)အတွင်းဗဟိုပစ္စည်းထိန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗိုလ်တထောင်ဘုရား အနောက်ဖက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး၊ ကမ်းနားလမ်းတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းရမည့်နေရာ၊ နေ့ရက်နှင့် အချိန်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါတင်သွင်းရမည့်နေရာ - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ပထမထပ်၊ အစည်းအဝေးခန်းမ၊ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ (" ဥက္ကဋ္ဌ၊တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်" ဟု လိပ်မူ တင်သွင်းရန် ဖြစ်သည်)

(ခ) တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် - ၁၇-၈-၂၀၂၃ရက်နေ့၊(၁၃:၀၀နာရီ) (အဆိုပါသတ်မှတ်ချိန်ထက်ကျော်လွန်ပါကလုံးဝလက်ညည်မဟုတ်ပါ)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**